ဂျန် ဒါရီ

# အနမ်းပေါင်းချုပ်



# အနမ်းပေါင်းချုပ်


၁။ ဆင်တူ

၂။ တမလွန်

၃။ နံနက်ကိုးနာရီခွဲ

၄။ ဒန့်သလွန်ပင်ကြားက

၅။ လှောင်ချိုင့်ဆန်မှု

၆။ စောင့်စားသူ

၇။ ပန်းတိုင်မဲ့

၈။ နွယ်ရွက်ရှမ်းတောက်

၉။ မျက်ရည်

၁၀။ မြေစောင့်နတ်ရဲ့တရားမျှတခြင်း

၁၁။ စုန်းမလေးရဲ့ခင်ပွန်းသည်ဆီက

၁၂။ ညစောင့်သူ

၁၃။ ကမ္ဘာအဆုံးပန်းဇာနည်

၁၄။ သုံးလ

၁၅။ ဓားဒဏ်ရာသို့

၁၆။ တန်ဖိုးများတဲ့မူလ

၁၇။ မီးခလုတ်ခုံအသစ်လဲဖို့

၁၈။ အထုအထောင်းခံ

၁၉။ ဇရိယာအနီး ပေါးခနဲ

၂၀။ လူမမာ

၂၁။ ခွဲခွာခြင်း

၂၂။ ကြေကွဲဖွယ်

***

## ဆင်တူ

လမ်းနာမည်ကသာ ပျော်ရွှင်ခြင်း

လျှောက်သွားတဲ့သူတွေမှာ မျက်ရည်တွေပေနေလို့

ပြတင်းပေါက်မှန်တွေကို စိတ်နာနာနဲ့ ခွဲလိုက်တဲ့အခါ

ဆုံးရှုံးခြင်းမှန်ကွဲစလေးတွေ ပြန့်ကျဲသွား

ဝေးကွာခြင်းအလင်းတန်းလေးတွေ ဖြာကျလာ

အခုကို နားထဲက ထွက်မသွားသေးဘူး

သီချင်းသံထဲမှာ တွေ့နေရတာ

နာကျင်နေတဲ့ နှလုံးသားနှစ်စုံ ။

ဂျွန်ဒါရီ

## တမလွန်

မင်းအုတ်ဂူထဲမှာ မင်းအလောင်းမရှိ
ဟင့်အင်း၊ နံ့ရုံတွေ ကျယ်လာတာ မဟုတ်ဘူး
ဝိညာဉ်တွေ ပိုပြီးလွတ်မြောက်ကုန်တာ
အဲဒါကြောင့် . .
သန်းနဲ့ချီတဲ့ ပိုးကောင်တွေ မျိုးပွားဖို့အတွက်
မင်းသေသွားရင် မင်းရဲ့အလောင်းကို ဒီတိုင်းပဲ ထားမယ်
ဒါ့အပြင်
'နောက်တစ်ခါ ဘယ်တော့မှ မမြင်ချင်ဘူး
မင်းတို့ကမ္ဘာကို ငါ ပြန်မလာဘူး' လို့
မင်းပြောခဲ့တဲ့စကားကို အမှတ်တရရေးပေးထားမယ်
မင်း အုတ်ဂူပေါ်မှာ . . .။ ။

ဂျန်ဒါရီ